# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 4, 2019 Volume 25, Number 2


### ၄.၁၁.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၁၁ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၈/- ကျပ် |
| CBM Rate | = ၁၅၁၆.၉ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၃.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၇.၇ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၆၁.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၉.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၈.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၈၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၄၆၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၇၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၂၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မကွေးတိုင်း တောင်သူဖွံ့ဖြိုးရေးအဖွဲ့က ဂျပန်နှင့်ကိုရီးယားသို့ နှမ်းတန်ချိန် ၉၀၀ ကျော်တင်ပို့ခဲ့

မကွေးတိုင်းဒေသကြီး နှမ်းစိုက်တောင်သူများဖွံ့ဖြိုးရေးအသင်း(SFDA) မှ ဒေသတွင်း ထွက်ရှိသည့် နှမ်းဖြူ၊ နှမ်းနက်တန်ချိန် ၉၀၀ ကျော်ကို ဂျပန်၊ ကိုရီးယားစသည့်နိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း အဆိုပါအသင်း၏ဥက္ကဋ္ဌဖြစ်သူ ဦးကျော်ဦးက မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ Winrock International အဖွဲ့၏ နှမ်းသီးနှံဈေးကွက်ကွင်းဆက်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းလုပ်ငန်းဆိုင်ရာ လွှဲပြောင်းအပ်နှင်းခြင်းနှင့် အခန်းဆက်လုပ်ငန်းများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို မကွေးမြို့ နန်းထိုက်သူဟိုတယ်ခန်းမ၌ နိုဝင်ဘာ ၂ ရက်က ကျင်းပခဲ့ခြင်းလည်းဖြစ်သည်။

မြန်မာ့နှမ်းဆီကို ဂျပန်၊ ကိုရီးယားနဲ့ တရုတ်နိုင်ငံတို့မှာရှိတဲ့ စားသုံးသူများက နှစ်သက်အားပေးမှုရရှိထားတဲ့ အထူးထုတ်ကုန်တစ်ရပ်ဖြစ်ပါတယ်။ USAID အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီက Winrock စီမံကိန်းကို ကူညီခဲ့ပါတယ်။ ကျွန်တော်တို့ မကွေးမြို့နယ်မှာ ၂၀၁၆-၂၀၁၇ ကစပြီး နှမ်းစိုက်တောင်သူများဖွံ့ဖြိုးရေးအသင်း(SFDA)ကို စတင်ဖွဲ့စည်းခဲ့ပါတယ်။ လက်ရှိတောင်သူဦးရေ ၃၀၀၀ ရှိပြီး GAP စိုက်ပျိုးရေးနည်းစနစ်နဲ့ စိုက်ဧက ၁၈၀၀၀ ကျော်စိုက်ပျိုးထားပြီး မကွေးမြို့နယ်အတွင်း ကျေးရွာပေါင်း ၄၂ ရွာက SFDA အဖွဲ့ဝင် တောင်သူလယ်သမားများက GAP စိုက်ပျိုးရေးနည်းစနစ်နဲ့ စိုက်ဧက ၁၈၀၀၀ ကျော်စိုက်ပျိုးထားပြီး ယနေ့အထိ နှမ်းဖြူ၊ နှမ်းနက်တန်ချိန် ၉၀၀ ကျော်ကို ဒေသတွင်းကုမ္ပဏီများမှတစ်ဆင့် ဂျပန်၊ ကိုရီးယားနိုင်ငံများကိုဈေးကောင်းနဲ့ရောင်းချနိုင်ခဲ့ပါတယ်ဟု မကွေးမြို့ နှမ်းစိုက်တောင်သူများဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးကျော်ဦးက ပြောဆိုသည်။ အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက အမှာစကားပြောကြားခဲ့ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် Winrock စီမံကိန်းသုံးသပ်ချက်များကို ပြောကြားခဲ့သည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung/ posts/2481601365442 407

## အမေရိကန်ပို့ကုန်များအပေါ် အခွန်တိုးမြှင့်ရန် အိန္ဒိယ၏တုံ့ပြန်မှု WTO ၌ ကြားနာစစ်ဆေးမည်

အမေရိကန်နိုင်ငံမှတင်ပို့သည့် ကုန်စည် ၂၈ မျိုးအပေါ် သွင်းကုန်အခွန် တိုးမြှင့်ကောက်ခံရန် အိန္ဒိယနိုင်ငံ၏ တုံ့ပြန်ဆုံးဖြတ်ခဲ့မှုအပေါ် ကော်မတီတစ်ရပ်ဖွဲ့စည်း၍ စစ်ဆေးကြားနာပေးရန် အမေရိကန်နိုင်ငံ၏ ဒုတိယအကြိမ် တောင်းဆိုချက်ကို ကမ္ဘာ့

ကုန်သွယ်ရေးအဖွဲ့ (WTO) က ၂၈.၁၀.၂၀၁၉ နေ့တွင် သဘောတူလက်ခံလိုက်ပါသည်။ အမေရိကန်နိုင်ငံသမ္မတ ဒေါ်နယ် ထရမ့်သည် Trade Expansion Act of 1962 ပါ Section 232 ဖြင့် အခွင့်အာဏာအပ်နှင်းထားမှုအရ ၂၀၁၈ ခုနှစ် မတ်လမှ စတင်၍ အခွန်တိုးမြှင့်ကောက်ခံလျက် နိုင်ငံအတွင်းသို့ Steel နှင့် Aluminium ထုတ်ကုန်များတင်သွင်းမှုကို ကန့်သတ် ဆောင်ရွက်ခဲ့သည်။ အိန္ဒိယအစိုးရသည် ၎င်း၏အဓိကပို့ကုန်များ ကန့်သတ်ခံရမှု အပေါ် တန်ပြန်ဆောင်ရွက်မှုအနေဖြင့် ပန်းသီး၊ သစ်ကြားသီး၊ ကုလားပဲ၊ ပဲနီလေးနှင့် ဓါတ်ခွဲခန်းသုံး ဓါတုဆေးများအပါအဝင် အမေရိကန်၏ ပို့ကုန် ၂၈ မျိုးအပေါ် အခွန်တိုးမြှင့်ကောက်ခံရန် ဆုံးဖြတ်ခဲ့သော်လည်း အရေးယူဆောင်ရွက်မှုအား ယခင်နှစ်ကတည်းက ဆိုင်းငံ့ထားခဲ့ပါသည်။ သို့ရာတွင် ၂၀၁၉ ခုနှစ် ဇွန်လ လဆန်းပိုင်း၌ အမေရိကန်နိုင်ငံက အိန္ဒိယကုန်စည်များ အပေါ် GSP အခွန်သက်သာခွင့် ပေးအပ်ထားမှုအား ရပ်ဆိုင်းခဲ့ပြီးနောက် အဆိုပါဆိုင်းငံ့ထားသည့် ဆုံးဖြတ်ချက်ကို ၁၅.၆.၂၀၁၉ နေ့မှစ၍ ပြန်လည် အသက်ဝင်စေခဲ့သည်။

အမေရိကန်နိုင်ငံက Trade Expansion Act of 1962 ပါ Section 232 အရ Steel နှင့် Aluminium ကုန်စည်များအပေါ် သွင်းကုန်ခွန်တိုးမြှင့်ကောက်ခံခြင်းသည် နိုင်ငံတော်လုံခြုံရေးကို အကြောင်းပြလျက် ပြည်တွင်းလုပ်ငန်းရှင်များကို အကာ အကွယ်ပေးခြင်းသာဖြစ်ကြောင်း၊ ထိုကဲ့သို့ အကြောင်းမဲ့ကန့်သတ်လုပ်ဆောင်ခြင်းအပေါ် ဟန်ချက်ညီမျှမှုရရှိစေရန်အတွက် မိမိတို့မှ တုန့်ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံဘက်က ပြောဆိုလျက်ရှိသည်။ အမေရိကန်တို့ ဘက်ကမူ အိန္ဒိယ၏ အခွန်တိုးမြှင့်ကောက်ခံမှုသည် GATT သဘောတူညီချက်ပါ နိုင်ငံတကာကုန်သွယ်မှု စည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိပဲ ခွဲခြား ဆက်ဆံခြင်းဖြစ်ကြောင်း၊ ဤသို့ ဆောင်ရွက်မှုသည် အမေရိကန်နိုင်ငံ၏ နှစ်စဉ် ဒေါ်လာ ၁.၁ ဘီလီယံ တန်ဖိုးရှိသော ကုန်သွယ်မှုအပေါ် ထိခိုက်မှုရှိကြောင်းပြောကြားခဲ့ပြီး WTO ၏ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့သို့ ယင်းကိစ္စအား ကိုင်တွယ် ဖြေရှင်းပေးရန် ၂ ကြိမ်တိုင် တောင်းဆိုထားခဲ့ခြင်းဖြစ်သည်။

ယခုကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့က အိန္ဒိယဘက်မှ ထောက်ခံလျက်ရှိကြောင်း၊ အမေရိကန် နိုင်ငံက Steel နှင့် Aluminium တင်သွင်းမှုအပေါ် အခွန်တိုးမြှင့် ခဲ့ချိန်၌ ဥရောပသမဂ္ဂ၊ တရုတ်၊ ရုရှ၊ ဂျပန်နှင့် တူရကီ နိုင်ငံများသည် တုံ့ပြန်ဆောင်ရွက်မှုများပြုခဲ့ကြောင်း အိန္ဒိယသတင်းမီဒီယာများက ရေးသားဖော်ပြလျက်ရှိသည်။ ယခု ကုန်သွယ်ရေးအငြင်းပွားမှုအပေါ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စစ်ဆေးကြားနာမှုသည် နိုင်ငံစုံနှင့်ဆက်နွယ်လျက်ရှိသည့် အရေးကြီးသောဆုံးဖြတ်ချက် ချမှတ်ရေးကိစ္စတစ်ရပ်ဖြစ်ပြီး အမေရိကန်နိုင်ငံ၏ သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံမှုအား အိန္ဒိယကဲ့သို့ အလားတူကြုံတွေ့ရသည့် နိုင်ငံများအတွက် အထူးအလေးထားရမည့်ကိစ္စရပ်လည်းဖြစ်လာကြောင်း လေ့လာသိရှိ ရသည်။

**Source: WTO to decide on India's retaliatory tariffs, 29 Oct 2019, Economic Times**

စီးပွားရေးသံမှူး-နယူးဒေလီ

## အာဆီယံ-တရုတ် ကဏ္ဍစုံချိတ်ဆက်မှုအတွက် ဖွံ့ဖြိုးရေးအစီအစဉ်များကို အတူတကွဖော်ဆောင်




အာဆီယံ(ASEAN)အဖွဲ့ဝင် ၁၀ နိုင်ငံ နှင့် တရုတ်နိုင်ငံတို့သည် ဒေသတွင်း ချိတ်ဆက်မှုကို တွန်းအားပေးရေး အတူတကွ ဆောင်ရွက် ရန်နှင့် ဖွံ့ဖြိုးရေးအစီအစဉ်များကို ဖောင်ဆောင်သွားရန် နိုဝင်ဘာ ၃ ရက်တွင် ကတိပြုခဲ့ကြကြောင်း ထိုင်းနိုင်ငံ၌ ပြုလုပ်သော ၂၂ ကြိမ် မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးအတွင်း ထုတ်ပြန် သည့် ကြေညာချက်တစ်စောင်အရသိရသည်။

အာဆီယံ-တရုတ် ပူးတွဲကြေညာချက်အရ အာဆီယံချိတ်ဆက် ဆောင်ရွက်မှု မဟာစီမံကိန်း (MPAC) ၂၀၂၅ နှင့် ရပ်ဝန်းနှင့်ပိုးလမ်းမဖော်ဆောင်မှု(BRI) တို့၏ အစီအစဉ် နှစ်ရပ်စလုံးကို MPAC 2025 အတွင်း လုပ်ဆောင်သွားရန် အသိအမှတ်ပြုခဲ့ကြကြောင်းနှင့် BRI သည် ဒေသတွင်းချိတ်ဆက်မှု၊ ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေး ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတို့တွင် ပါဝင်ဆောင်ရွက်သွားမည်

ဖြစ်ကြောင်း ပါရှိသည်။

MPAC 2025 သည် အခြေခံအဆောက်အဦများ စဉ်ဆက်မပြတ်တိုးတက်ရေး ၊ ဒီဂျစ်တယ်နည်းပညာတီထွင်ဆန်းသစ်ရေး ၊ လိုအပ်ချက်ကို ဖြည့်စွက်ပေးနိုင်သော ကုန်စည်ပို့ဆောင်ရေး ၊ စည်းကမ်းပြည့်ဝကောင်းမွန်ရေး နှင့် ပြည်သူများ ရွှေ့ပြောင်းသွားလာရေးစသည့် မဟာဗျူဟာမြောက် နယ်ပယ် ၅ ခုပေါ်တွင် အလေးထားကြောင်း ၊ ယင်းအချက်များကို ဖော်ဆောင်ရာတွင် BRI က မူဝါဒဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ၊ အခြေခံအဆောက်အဦချိတ်ဆက်မှု ၊ ကုန်သွယ်ရေးအတားအဆီးများကို ဖယ်ရှားမှု ငွေကြေးထောက်ပံ့ကူညီမှုနှင့် ပြည်သူအချင်းချင်းကြား အနီးကပ်ဆက်ဆံမှုတို့ကို ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အာဆီယံ အဖွဲ့ဝင် ၁၀ နိုင်ငံစလုံးသည် တရုတ်နိုင်ငံနှင့်အတူ BRI ပူးပေါင်းဆောင်ရွက်မှုအတွက် နှစ်ဖက်သဘောတူညီမှု လက်မှတ်များ အသီးသီးရေးထိုးထားပြီးဖြစ်ကြောင်းသိရသည်။ အာဆီယ□နှင့် တရုတ်နိုင်ငံအကြား ဒေသတွင်းချိတ်ဆက်မှု ၊ တံခါးဖွင့်မှု ၊ ပွင့်လင်းမြင်သာမှု ၊ အားလုံးပါဝင်မှုနှင့် အာဆီယံဗဟိုပြုမှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် ထပ်မံကတိပြုခဲ့ကြကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။တရုတ်နိုင်ငံအနေဖြင့် အာဆီယံနိုင်ငံများ၏ အခြေခံအဆောက်အဦ စီမံကိန်းများတွင် ငွေကြေးနှင့်ဖွံ့ဖြိုးရေးအစီအစဉ်ကို ထောက်ပံ့ကူညီခြင်း ၊ ရထားလမ်း ၊ ကားလမ်း ၊ သင်္ဘောဆိပ်များ ၊ လေဆိပ်များ၊ စွမ်းအင်နှင့်ဆက်သွယ်ရေး၊ ပိုမိုကောင်းမွန်သော စီးပွားရေးတည်ဆောက်ခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ခြင်းတို့ကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း ပူးတွဲကြေညာချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ပြည်သူအချင်းချင်းကြားချိတ်ဆက်မှုနှင့် ဆွေးနွေးညှိနှိုင်းမှု မူဝါဒများလည်း ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း၊ အာဆီယံ-တရုတ် နှစ်ဖက်စလုံးက လာမည့်နှစ်တွင် ဒေသတွင်းကဏ္ဍစုံ စီးပွားရေးမိတ်ဖက် (RCEP) ညှိနှိုင်းဆွေးနွေးမှုများ အပါအဝင် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ အာဆီယံအသင်းကို ၁၉၆၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများအဖြစ် ဘရူနိုင်း ၊ ကမ္ဘောဒီးယား ၊ အင်ဒိုနီးရှား ၊ လာအို ၊ မလေးရှား ၊ မြန်မာ ၊ ဖိလစ်ပိုင် ၊ စင်ကာပူ ၊ ထိုင်း နှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်ကြောင်းသိရသည်။

**Source:** https://www.facebook.com/XinhuaMyanmar/posts/1389105977925045?__tn__=K-R

## ပြီးခဲ့သည့်ဘဏ္ဍာနှစ် ရန်ကုန်မြစ်အတွင်း ကုန်သေတ္တာပို့လုပ်ငန်း ယခင်နှစ်များထက်လျော့ကျ

ရန်ကုန်မြစ်တွင်း ကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကိုတိုးချဲ့ခဲ့ရာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ၁၉ ခေါက်အထိ ပြေးဆွဲပေးနိုင်ပြီး ကုန်တန်ချိန် ၁၈၄၈၀ တန်ကို သီလဝါMITT ဆိပ်ကမ်းမှ ရွှေပြည် သာဆိပ်ကမ်းအထိ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှသိရသည်။ ရန်ကုန်မြစ်အတွင်း သီလဝါ MITT ဆိပ်ကမ်းမှ ရွှေပြည်သာဆိပ်ခံတံတားသို့ မြစ်အတွင်း ကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကို ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က စတင်ခဲ့ပြီး ဒလသင်္ဘောကျင်းမှ b -809 တွဲယာဉ်အား ကုန်သေတ္တာအတင်တွဲယာဉ်အဖြစ် ပုံစံပြုပြင်ကာ ၂၀၁၈ ခုနှစ် အောက်တိုဘာမှစတင်ပြီး ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးယာဉ်နှစ်စုံတိုးချဲ့ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

၂၀၁၇ -၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၂၁ ခေါက် ကုန်တန်ချိန် ၁၇၄၂၀ တန်၊ ၂၀၁၈–၂၀၁၉ ဘဏ္ဍာ နှစ်မတိုင်မီကြားကာလ ခြောက်လတွင် ၅၄ ခေါက်၊ ကုန်တန်ချိန် ၅၂၂၄၀ တန်ပို့ဆောင်ပေးခဲ့သဖြင့် ၂၀၁၈– ၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ဆောင်ပေးရသည့် ကုန်တန်ချိန်များ ယခင်နှစ်များထက် လျော့ကျခဲ့ကြောင်းသိရသည်။ ရန်ကုန်မြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှု အထိုက်အလျောက်ပြေလည်ပြီး ကုန်သေတ္တာပိုင်ရှင်များ အကုန်အကျသက်သာစေရန်ရည်ရွယ်ကာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးက ရန်ကုန်မြစ်တွင်းကုန်သေတ္တာပို့ဆောင်ရေးလုပ်ငန်းကို စတင်ခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

**Source: The Myanmar Times**

https://www.facebook.com/kope.aung

## ကြက်သွန်နီဈေးနှုန်း တစ်ပတ်အတွင်း ခုန်တက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့တင်ပို့ရန် ကြက်သွန်ထွက်အဝယ်ရှိလာသဖြင့် ရန်ကုန်အပါအဝင် အညာဒေသများပါ ဈေးတက်လာရာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၁ ရက်အထိ ရက်သတ္တပတ်အတွင်း ကြက်သွန်နီအလုံးသေး လက်ကားတစ်ပိဿာ

ငွေကျပ် ၉၅၀ အလုံးကြီး ငွေကျပ် ၁၀၀၀ ဈေးအတက်ကြမ်းလာသည်ဟု ရန်ကုန်ကြက်သွန်နီဈေးကွက်နှင့် ကုန်စည်ဒိုင်နေ့စဉ်ဈေးနှုန်းစာရင်းများအရသိရသည်။ ရန်ကုန်ဈေးကွက်အတွင်း အောက်တိုဘာ ၂၅ ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကားတစ်ပိဿာ ငွေကျပ် ၆၅၀-၁၂၀၀ နှုန်းရှိခဲ့ရာမှ နိုဝင်ဘာ ၁ ရက်တွင် ၁၅၀၀-၂၂၀၀ နှုန်းသို့ အတက်ကြမ်းလာခြင်းဖြစ်သည်။ ယင်းရက်များအတွင်း ပုံမှန် ဝင်ရောက်နေကျထက်များစွာ ပိဿာချိန်ဝင်ရောက်မှုနည်းခဲ့သည်။ အောက်တိုဘာ ၂၁ ရက်တွင် ကြက်သွန်နီပိဿာချိန် ၃၁၂၀၀၀အထိ ဘုရင့်နောင်ပွဲရုံသို့ နယ်စုံမှဝင်ရောက်မှုရှိခဲ့သည်။ ယခင်နေ့စဉ် ပျမ်းမျှကြက်သွန်နီ ပိဿာ ၁၈၀၀၀၀ ဝန်းကျင် ဝင်ရောက်သော်လည်း ယခုအပတ်အတွင်းတွင်မူ ပိဿာချိန် ၁၁၀၀၀၀ ဝန်းကျင်သာ ဝင်ရောက်သည်ဟုသိရသည်။

အိန္ဒိယ၌ ၂၀၁၉ မိုးရာသီတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် ကြက်သွန်ထွက်ရှိမှု လျော့နည်းမည်စိုး၍ အိန္ဒိယအစိုးရအနေဖြင့် ပြည်ပသို့ ကြက်သွန်နီတင်ပို့မှုကို စက်တင်ဘာလတွင်ပိတ်ခဲ့သည်။ ထို့ကြောင့် ကြက်သွန်နီတင်သွင်းနေရသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အခက် အခဲဖြစ်လာရသည်။ သို့ဖြစ်၍ စက်တင်ဘာလလယ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံဘက်မှ ဝယ်ယူတင်သွင်းလာရာ မြန်မာနိုင်ငံတွင် ကြက်သွန်နီ ဈေးအတက်ကြမ်းလာရသည်။မြန်မာနိုင်ငံအတွင်း လှောင်ကြက်သွန်နီဖြစ်သော နွေကြက်သွန်နီ ထွက်ပေါ်သည့် မတ်လမှစ၍ ယခုကာလအထိ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့နေဆဲဖြစ်သည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေး သတင်းထုတ်ပြန်ချက်များအရ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်သို့ ကြက်သွန်နီတင်ပို့မှုသည် ဘုရင့်နောင်သို့ တင်ပို့ခြင်းထက်များနေသော်လည်း ဈေးနှုန်းမှာနည်းနေသည်ဟုသိရသည်။ မြန်မာပြည်တွင်း ကြက်သွန်စိုက်ပျိုးထွက်ရှိမှု၊ ပြည်တွင်းစားသုံးမှု ၊ ပြည်ပတင်ပို့မှုနှင့် ယခုကာလ ပြည်တွင်း လက်ကျန်ပမာဏတို့ကို တရားဝင်အသိပေးထုတ်ပြန်ခြင်း မရှိသည့်အတွက် ကြက်သွန်နီလက်ဝယ်ရှိသူများနှင့် ဝယ်ရောင်းအချို့တို့၏သတင်းပေးပြောကြားချက်အရ ရန်ကုန်ဈေးကွက်ကြက်သွန်နီများ အတက်ကြမ်းလာရခြင်းလည်း ဖြစ်သည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## အမရပူရမြို့နယ်တွင် ငှက်ပျောကို စီးပွားဖြစ် စိုက်ပျိုးမှုများလာ

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ဖီးကြမ်းငှက်ပျောကို စီးပွားဖြစ်စိုက်ပျိုးမှု များပြားလျက်ရှိရာ မန္တလေးမြို့ အမရပူရမြို့နယ်တွင်လည်း ငှက်ပျောအများအပြား စိုက်ပျိုးလာကြကြောင်းသိရသည်။ ငှက်ပျောသည် အကြမ်းခံသည်ဟုဆိုနိုင်ပြီး စီးပွားရေးအရ တွက်ခြေကိုက်လှသည်။ မြေတစ်ကေလျှင် ငှက်ပျော ၇၀၀ခန့် စိုက်နိုင်သည်။ လက်ရှိ ကာလပေါက်ဈေးအရ တွက်ချက်မည်ဆိုပါက ငှက်ပျောလုံးတစ်စီး အခိုင် ၄၀ ကို ငွေကျပ် ၁၈၀၀၀၀ မှ ၂၁၀၀၀၀နှုန်းဖြင့် ရောင်းချရသည်။ တစ်ဧက ငှက်ပျော ၁၅စီး၊ ၁၆စီးထွက်ပြီး ငွေကျပ် သိန်း ၃၀ ကျော်ရသည်။ ငှက်ပျောတစ်ခိုင်လျှင် ပုံမှန်ခြောက်ဖီးတန်းသတ်မှတ်ပြီး အဖီးပိုပါက ဖီးပိုစားရသည်။

ငှက်ပျောစိုက်ရန်အတွက် ထယ်ရေးပြင်ပြီးသည်နှင့် ငှက်ပျောစိုက်ကျွမ်းကျင်သူတို့နှင့် ငှက်ပျောပန္နက်ကို ရိုက်ကြရသည်။ ငှက်ပျောပန္နက်ရိုက်ပြီးသည်နှင့် ငှက်ပျောကျင်းတို့ကိုတူးကြရသည်။ ငှက်ပျောကျင်းတူးရာတွင် ငှက်ပျောစို့စိုက်နိုင်ရန် တစ်ထွာကျော် နှစ်ထွာခန့်တူးရပြီး ငှက်ပျောကျင်းအတွင်း မြေဆီခံပေးကြရသည်။အများစုမှာ ဒေသအခေါ် ခြောက် တောင်ခန့် ထွန်ဝင်ဖြစ်အောင် အတန်းပြုလုပ်ပြီး ခုနစ်တောင်စွယ်စုံစိုက်ကြရသည်။ ငှက်ပျောစိုက်ပြီးသည်နှင့် ရေတင်ခြင်း၊ မြေပြုလုပ်ပေးခြင်း၊ မြေဆီကျွေးခြင်းတို့ကို စနစ်တကျ ပြုလုပ်ပေးကြရသည်။ ငှက်ပျော၏ သဘာဝအရ အပင်ပွားနှုန်း ကောင်းပြီး သားတက်ထွက်လေ့ရှိသည်။ ထိုအတက်များကို သားခွဲပေးရလေ့ရှိသည်ဟုဆိုသည်။ ငှက်ပျောခင်းတွင် မြေဆီ၊ ပုလဲတို့ကို ကျွေးပေးရလေ့ရှိသည်။ ငှက်ပျောမှာ အပြုအစုအယုအယကောင်းပါက ရှစ်လခန့်တွင် ငှက်ပျောခိုင်ထွက်လေ့ရှိသည်။ အခိုင်ထွက်ပြီး လေးလအကြာတွင် အောင်မြင်ရင့်မှည့်သော ငှက်ပျောခိုင်ကိုခုတ်ယူရောင်းချနိုင်သည်။ လက်ရှိကာလ မန္တလေးမြို့ အမရပူရမြို့နယ်တွင် ငှက်ပျောကို စီးပွားဖြစ်စိုက်ပျိုးမှု များပြားလာကြောင်းသိရသည်။

**Source: https://www.facebook.com/MYANMAALINNNEWS**

## အစိုးရသတ်မှတ်သည့် စပါးဈေးအတိုင်း လယ်သမားများ ရောင်းခွင့်မရ

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူဦးဆောင်သည့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွား

မြှင့်တင်ရေးဦးဆောင်အဖွဲ့က အရည်အသွေးပြည့်မီသော စပါးတင်း ၁၀၀ လျှင် ၅ သိန်းဈေးဖြင့် ဝယ်ယူရန် သတ်မှတ်ကြေညာထားသည်။ သို့သော်လည်း ဧရာဝတီတိုင်းရှိ လယ်သမားများမှာ ဈေးကွက်ပေါက်ဈေး ၄ သိန်း ၅ သောင်းဝန်းကျင်နှုန်းဖြင့်သာ ကုန်သည်များထံ ရောင်းချနေရကြောင်း လယ်သမားများထံမှ စုံစမ်းသိရှိရသည်။ မအူပင်မြို့နယ်၊ ရေနံချောင်းကျေးရွာမှ လယ်သမား ဦးလှငွေး က “ကျနော်တို့ မအူပင်မှာတော့ စပါးဈေးက အမြင့်ဆုံး ၄ သိန်း ၅ သောင်းကနေ ၄ သိန်း ၈ သောင်းဈေးပဲရှိတယ်။ ဒါက ကုန်သည်စက်ပိုင် ဝယ်တဲ့ဈေးနှုန်းပေ့ါ။ လတ်တလောမှာ အကြမ်းစပါးတွေက စပေါ်ကုန်ပြီ။ နိုင်ငံတော်က ကြေညာတာ ၅ သိန်းဆိုပေမယ့် ၅ သိန်းနဲ့ဝယ်တဲ့သူမရှိပါဘူး။ အစိုးရကလည်း အဖွဲ့အစည်းနဲ့ ဆင်းဝယ်တာလည်းမရှိဘူး။ အဲတော့ လယ်သမားတွေမှာ ရတဲ့ဈေးနဲ့ရောင်းနေရတယ်ဟု ဧရာဝတီကို ပြောသည်။ အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်းအမှော်၊ ဖုန်၊ သဲ၊ ခဲ ကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန် စံညွှန်းများနှင့်ကိုက်ညီသည့် တတင်း (၄၆) ပေါင်ကိုက် စပါးတင်း (၁၀၀) ၏ အခြေခံရည်ညွှန်းဈေးနှုန်းကို ကျပ်ငွေ (၅) သိန်းအဖြစ် သတ်မှတ်လိုက်သည်ဟု တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့က အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

ဈေးကွက်ပေါက်ဈေးမှာ အခြေခံရည်ညွှန်းဈေး ကျပ် (၅) သိန်းထက် မြင့်မားနေပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးမှာ အခြေခံရည်ညွှန်းဈေး ကျပ် (၅) သိန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်ပြီး ယခုသတ်မှတ်သော အခြေခံရည်ညွှန်းဈေးနှုန်း (စပါးတင်း ၁၀၀ လျှင် ၅ သိန်းကျပ်ဈေး) မှာ ၂၀၁၉ ခုနှစ် မိုးစပါးနှင့် ၂၀၂၀ ခုနှစ် နွေစပါးတို့အတွက် ရည်ညွှန်းထုတ်ပြန်ခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာချက်တွင်ပါရှိသည်။ အခြေခံစပါးဈေးနှုန်း ကျပ် ၅ သိန်းအောက် ကျဆင်းခဲ့ပါက ဦးဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွဲ့စည်းထားသည့် ဝယ်ယူရေးကော်မတီများက စပါးဝယ်ယူသွားရန် မူဝါဒရေးဆွဲထားသည်။ သို့သော် လက်ရှိစပါးပေါ်ချိန်အထိ မြို့နယ်များတွင် စပါးဝယ်သည့်အစီအစဉ် ဆောင်ရွက်ခြင်းမရှိသည့်အတွက် လယ်သမားများမှာ စပါးတင်း ၁၀၀ လျှင် ၄ သိန်းကျော်ဈေးဖြင့် ကုန်သည်များထံ ရောင်းချနေရသည်။ စပါး(အကြမ်းအုပ်စု) ဈေးနှုန်းများမှာ ဟင်္သာတခရိုင်တွင် စပါးအရည်အသွေးအပေါ်မူတည်၍ တင်း ၁၀၀ လျှင် ၄ သိန်းကျပ်မှ ၄ သိန်း ၅ သောင်းကျပ်၊ မအူပင်ခရိုင်တွင် ၄ သိန်း ၅ သောင်းကျပ်မှ ၄ သိန်း ၈ သောင်းကျပ်၊ မြောင်းမြခရိုင်နှင့် ပုသိမ်ခရိုင်တွင် ၄ သိန်း ၈ သောင်းမှ ၅သိန်းကျပ်ဝန်းကျင်ပေါက်ဈေးရှိကြောင်း သိရသည်။ ကြံခင်းမြို့နယ်၊ ကိုးတောင်ကျေးရွာမှ လယ်သမား ဦးလှိုင်ကြည်က “အစိုးရသတ်မှတ်ပေးတဲ့ ၅ သိန်းဈေးလောက်ဆိုရင် မဆိုးဘူး။ အခုက ကြံခင်းမှာ ၄ သိန်းကျော်ရုံလေးပဲ ဈေးရတော့ ဘာမှ မကျန်တော့ဘူး။ ဆေးများများသုံးတဲ့လူဆို ပိုလို့တောင်မကိုက်ဘူး။ အစိုးရအနေနဲ့ အောက်ခြေဆင်းဝယ်ပေးမယ်ဆိုလည်း စပါးပေါ်ချိန်မှာ မြန်မြန်ဝယ်စေချင်ပါတယ်ပြောသည်။

အစိုးရက စပါး ၁ တင်းလျှင် ၄၆ ပေါင်နှုန်းသတ်မှတ်ထားသော်လည်း အောက်ခြေမြို့နယ်အဆင့်တွင် ကုန်သည်များနှင့် ဆန်စက်ပိုင်ရှင်များမှာ ယခင်ဝယ်သည့်နှုန်းထားဖြစ်သော စပါး ၁ တင်းလျှင် ပေါင်၅၀ နှုန်းဖြင့်သာ ဝယ်ယူနေကြောင်း သိရသည်။ ထိုသို့ အစိုးရမှသတ်မှတ်သည့် အချင်အတွယ်နှုန်းထားအသက်မဝင်မှုကြောင့် လယ်သမားများမှာ စပါးတင်း ၁၀၀ ရောင်းတိုင်း ပေါင် ၄၀၀ (၈ တင်းခန့်) နစ်နာမှုများဖြစ်ပေါ်နေသည်။ လက်ရှိတွင် စပါးဈေး ၅ သိန်းအောက် ကျဆင်းနေသော်လည်း နိုင်ငံတော်မှ စပါးဝယ်ယူမည့်အစီအစဉ်များ ဆောင်ရွက်ခြင်းမရှိသေးသည့်အပေါ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဌေးဝင်းထံ အကြိမ်ကြိမ် ဆက်သွယ်မေးမြန်းသော်လည်း ဖုန်းလက်ခံဖြေကြားခြင်းမရှိပါ။ ဧရာဝတီတိုင်းဒေသကြီး၊ ဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးဝင်းက စပါးဈေး ၅ သိန်းဈေးအောက်ကျရင် ဝယ်ယူရေးကော်မတီနဲ့ ဝယ်ဖို့ကိစ္စကို ကျနော်တို့ ဆန်စက်အသင်းအဖွဲ့တွေနဲ့ ဧရာဝတီတိုင်း အစိုးရတို့ အစည်းအဝေး ၂ ကြိမ်ထိုင်ပြီးပါပြီ။ စပါးဝယ်ဖို့အတွက်လည်း စီမံချက်တွေ ဆွဲပြီးတော့ အစိုးရအဖွဲ့ဆီ ပြန်တင် ထားပါတယ်။ ဒီစီမံချက်ကို ကက်ဘိနက် (ဝန်ကြီးစုံညီအစည်း အဝေး) ကို တင်ပြအတည်ပြုချက်ယူပြီး ပြည်ထောင်စုအဆင့်ဆီက ဘတ်ဂျတ်တင်ပြတောင်းခံမယ်လို့ သိရပါတယ်ဟုပြောသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် ပြည်ပသို့ ဆန်တင်ပို့မှုပမာဏ တိုးတက်များပြားခဲ့ပြီး ပြည်ပသို့ ဆန်တင်ပို့မှုအားလုံး၏ ၅၀ ရာခိုင်နှုန်းမှာ တရုတ်နိုင်ငံသို့ တင်ပို့နေခြင်းဖြစ်သည်။ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ပသို့

ဆန်တန်ချိန် ၃ ဒသမ ၅၈ သန်းတင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၇၀ အတွင်း ပြည်ပသို့ ဆန်တန်ချိန် အများဆုံးတင်ပို့ခဲ့သည့်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စာရင်းများအရသိရသည်။ ဆန်တင်ပို့မှု များပြားခဲ့သည့်နှစ်များတွင် စပါး(အကြမ်းအုပ်စု) ဈေးနှုန်းမှာလည်း တင်း ၁၀၀ လျှင် ၅ သိန်း ၅ သောင်းကျပ်မှ ၆ သိန်း ၅ သောင်းကျပ်ဈေးအထိ မြင့်တက်ခဲ့သည်။ သို့သော် ၂၀၁၈ ခုနှစ်မှစတင်၍ တရုတ်နိုင်ငံမှ မြန်မာ့ဆန် တရားမဝင်တင်သွင်းမှုများကို ဖမ်းဆီးပိတ်ပင်မှုများ ဆောင်ရွက်ခဲ့သည့်အတွက် ပြည်ပသို့ဆန်တင်ပို့မှုပမာဏမှာ ဆန်တန်ချိန် ၁ သန်းနီးပါးအထိ သိသာစွာလျော့ကျခဲ့ပြီး မြန်မာ့ဆန်စပါး လောကတွင် ဝယ်လိုအားကျဆင်းခဲ့သည့်အတွက် စပါးဈေးနှုန်းများလည်း ကျဆင်းခဲ့သည်။ လက်ရှိ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်လည်း တရုတ်နိုင်ငံမှ ဝယ်ယူမှု အနည်းငယ်သာ ရှိသည့်အတွက် စပါးဈေးနှုန်းများ ဆက်တိုက် ကျဆင်းနေခဲ့ပြီး ၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်က သိုလှောင်ခဲ့ကြသည့် ဧရာဝတီတိုင်းရှိ ဆန်စပါးကုန်သည်များမှာ အရှုံးနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

**Source:** https://burma.irrawaddy.com/news/2019/11/02/207564.html

## အိန္ဒိယဖက်မှ မြန်မာ့ပဲကို ခွဲတမ်းထက်ပိုမိုဝယ်ယူမှုကြောင့် ပြည်တွင်းပဲဈေး အဆများစွာတက်

အိန္ဒိယပဲကုမ္ပဏီများက အိန္ဒိယပြည်နယ်အစိုးရခွင့်ပြုချက်ဖြင့် မြန်မာ့ပဲအား သတ်မှတ်ခွဲတမ်း တန်ချိန်တစ်သိန်းထက်ထက် ပိုမိုဝယ်ယူနေသည့်အတွက် ပြည်တွင်းပဲဈေးအဆများစွာတက်လာကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းမှသိရသည်။ လက်ရှိမှာ အိန္ဒိယဖက်က ခွဲတမ်းသက်မှတ်ထားတဲ့ တန်ချိန်တစ်သိန်းခွဲက အောက်တိုဘာလကုန်မှာ တင်ပို့ပြီးသွားပြီ။ သတ်မှတ်ထားတဲ့အချိန်ကာလလည်းပြီးသွားပြီဖြစ်သလို ဝယ်လည်းဝယ်လို့ပြီးသွားပြီ။ ဒါပေမယ့် ဝယ်လို့ပြီးခါနီးမှာ အိန္ဒိယပြည်နယ်အစိုးရရဲ့ခွင့်ပြုချက်နဲ့ လိုင်စင်သီးသန့်ရရှိတဲ့ ကုမ္ပဏီသုံးခုလောက်က ဒီရက်တွေမှာ ဆယ်လပိုင်းကုန်လောက်ကစပြီးတော့ တောက်လျှောက်ဝယ်လာတာ အခုပဲဈေးတွေက တရိပ်ရိပ်ပြန်တက်လာတယ်။ အခိကက မတ်ပဲဈေးက အခု ၁၁ သိန်း ၇ သောင်း ရှိသွားပြီ ။ သူတို့ခွဲတမ်းသတ်မှတ်ပြီး ဝယ်နေတဲ့အချိန်တုန်းကတောင် ၈ သိန်းခွဲလောက်ပဲရှိသေးတယ်။ ၈ သိန်းခွဲကနေ ၁၁ သိန်း ၇ သောင်းအထိအဆအများကြီးတက်သွားတယ်ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက နိုဝင်ဘာ ၃ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောဆိုသည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ပဲတိုက်ရိုက်တင်ပို့ရာတွင် ဘဏ်စနစ်များကြောင့် အဆင်မပြေနိုင် သေးကြောင်း ထို့ကြောင့် အိန္ဒိယကုမ္ပဏီများကို အခိကထားတင်သွင်းခွင့်ပြုခြင်းဖြစ်ကြောင်း လက်ရှိတွင် နီပေါ၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဒူဘိုင်းနိုင်ငံများသို့ ပဲတင်ပို့ရောင်းချနေကြောင်းသိရသည်။

အခိကအနေနဲ့ အိန္ဒိယဖက်မှာ ရာသီဥတုအခြေအနေကြောင့်ပဲထွက်အရမ်းနည်းတယ်။ စက်တင်ဘာမှာ မတ်ပဲထွက်ရှိမှု အရမ်းအားနည်းတဲ့အတွက် လက်ရှိ အိန္ဒိယမှာတင်အရင်ဈေးတက်တယ်။ ပဲလိုအပ်ချက်ကို ပြည်နယ်အစိုးရရဲ့ခွင့်ပြုချက်တွေနဲ့ ဆယ်လပိုင်းလလယ်လောက်ကနေ မြန်မာ့ပဲကိုစဝယ်ရင်းနဲ့ တဖြေးဖြေးပဲဈေးတွေက ပြည်တွင်းမှာလည်းပြန်တက်လာတယ်။ ယခင်က FOE တစ်တန်ကို ဒေါ်လာ ၅၀၀ လောက်ရောင်းရကနေ အခုဆိုရင် တစ်တန်ကို ၇၈၅ လောက်အထိဖြစ်နေတယ် ။ အခိကက အိန္ဒိယဖက်က ခွဲတမ်းအပြင်ကို ပြည်နယ်အစိုးရရဲ့ခွင့်ပြုချက်နဲ့ ထပ်ပြီးဝယ်နေတယ်။ အဲဒီဝယ်ယူတဲ့အားကြောင့် လက်ရှိမှာ ဈေးတက်လာတယ်ဟု ၎င်းကဆက်လက်ပြောသည်။ အိန္ဒိယအစိုးရက ၂၀၁၇ခုနှစ် ဩဂုတ်လကစတင်ကာ ပြည်ပပဲတင်သွင်းခွင့်ကို ကန့်သတ်ခဲ့ရာ မြန်မာပဲတောင်သူများနှင့် ပဲကုန်သည်များ အခက်တွေ့ခဲ့ရသည်။

ထို့ကြောင့် ပဲဈေးကွက်တည်ငြိမ်ရေးနှင့် အကြောင်းအားလျော်စွာပဲဈေးကျဆင်းခဲ့ပါက ကောင်းမွန်စွာဖြေရှင်းနိုင်ရန် အတွက် စီးပွား/ကူး သန်းဝန်ကြီးဌာန ၊ စိုက်ပျိုးရေးဝန်ကြီးဌာနနှင့် ပဲနှမ်းအသင်းကုန်စည်ဒိုင်တို့ ညှိနှိုင်းဆွေးနွေးမှု မူကြမ်းအရ အိန္ဒိယနိုင်ငံသို့ ခွဲတမ်းစနစ် သီးသန့်ရရှိရန်တောင်းဆိုရန်၊ ပြည်တွင်း၌ငွေကြေးလိုအပ်ချက်များအရ SME ချေးငွေများကို နိုင်ငံတော်အစိုးရကချပေးနိုင်ရန်နှင့် ပဲဈေးများကျဆင်းခဲ့ပါက ကုန်သည်များက ပဲဈေးကိုထိန်းညှိဝယ်ယူရေးတို့ကို ပြင်ဆင်ခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/130394.html

## မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းတင်ပို့မှုပမာဏ ဗီယက်နမ်နိုင်ငံ၏ တင်ပို့နိုင်မှုထက် ၁၂ ဆကျော် နည်းပါးနေ



မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းတင်ပို့ရောင်းချမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၇၀၀ ရှိသော်လည်း အိမ်နီးချင်း ဗီယက်နမ်နိုင်ငံ၏ တင်ပို့နိုင်မှုထက် ၁၂ ဆကျော် နည်းပါးနေဟု ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက နိုဝင်ဘာ ၁ ရက်က ပန်းတနော်မြို့နယ်ရှိ Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်းအား လှည့်လည်ကြည့်ရှုစဉ်ပြောဆိုသည်။

မြန်မာနိုင်ငံတွင် မြစ်ကြီးလေးစင်းအပါအဝင် ရေချိုပိုင်ဆိုင်မှုမှာ ကမ္ဘာ့နိုင်ငံများ၌ အဆင့် ၁၄ ရှိပြီး ပင်လယ်ကမ်းရိုးတန်း၏ ရေသန့်ရှင်းမှုမှာ ကမ္ဘာ့နိုင်ငံများတွင် အဆင့် ၁၀ ရှိကြောင်း၊ အိမ်နီးချင်းဗီယက်နမ်နိုင်ငံတွင် မဲခေါင်မြစ်ကြီး ၁ စင်းနှင့် မြန်မာနိုင်ငံမြေဧရိယာ၏ ၄၈ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ငါးလုပ်ငန်းမှ ပြည်ပတင်ပို့မှုတန်ဖိုးမှာ နှစ်စဉ်အမေရိကန်ဒေါ်လာ ၈ ဒသမ ၈ ဘီလီယံခန့် ရှိသောကြောင့် မြန်မာနိုင်ငံမှတင်ပို့နိုင်သည့်ပမာဏ အမေရိကန်ဒေါ်လာသန်း ၇၀၀ နှင့် နှိုင်းယှဉ်ပါက ၁၂ ဆကျော် ပိုမိုရှိနေကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ထည့်သွင်းပြောဆိုသည်။

မြန်မာနိုင်ငံသည် ရေထွက်ပစ္စည်း သဘာဝအရင်းအမြစ် သယံဇာတများစွာရှိသော်လည်း ငါး ၊ ပုစွန် ဖမ်းဆီးရေးလုပ်ငန်း နှင့် မွေးမြူရေးလုပ်ငန်းများတွင် တန်ဖိုးမြင့် Value added ထုတ်လုပ်ရာ၌ နိုင်ငံတကာနှင့်နှိုင်းယှဉ်ပါက ခေတ်မီနည်းစနစ်၊နည်းပညာများစွာလိုအပ်နေသည်ဟု ထို့ကြောင့် အိမ်နီးချင်း နိုင်ငံများနှင့်ယှဉ်ပြီး ရေထွက်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် တိုင်းနှင့်ပြည်နယ်အလိုက် သင့်လျော်သည့်နေရာများရွေးချယ်ပြီး ရေသတ္တဝါမွေးမြူရေးဇုန်များကို Master Plan ရေးဆွဲ၍ အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဒုသမ္မတက ဆက်လက်ပြောသည်။

အဆိုပါ Ayeyarwaddy Integrated Food Industry Complex ဘက်စုံစီမံကိန်းတွင် ငါးမွေးမြူခြင်း ၊ ပြုပြင်ထုတ်လုပ်ခြင်း ၊ အအေးခံခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပြီး လက်ရှိမြေဧက ၉၀၀ ပေါ်တွင် အကောင်အထည်ဖော်လျက်ရှိကာ အလုပ်အကိုင်အခွင့်အလမ်း ၂၀၀၀ ကျော် ဖန်တီးပေးနိုင်မည်ဖြစ်သည်။ အဆိုပါ စီမံကိန်းပြီးစီးပြီးနောက် ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ကျော်ရရှိမည်ဟုခန့်မှန်းထားကာ အရှေ့တောင်အာရှတွင် အကြီးမားဆုံး ငါးမွေးမြူရေးစီမံကိန်းတစ်ခုဖြစ်လာရန် မျှော်မှန်းထားကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/130396.html

## ခွဲတမ်းထက်ပိုသည့်ဆန်များ တရုတ်နိုင်ငံသို့ ရေကြောင်းမှတစ်ဆင့် တင်ပို့

တရုတ်နိုင်ငံသို့ ခွဲတမ်းရရှိသည့် ဆန်တန်ချိန်တစ်သိန်းထက်ကျော်လွန်ကာ ရေကြောင်းမှတစ်ဆင့် တင်ပို့နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က နိုဝင်ဘာ ၁ ရက်တွင် ပြောဆိုသည်။ တရုတ်ကိုခွဲတမ်းအပြင် တရုတ်ကုမ္ပဏီတွေက ဝယ်တဲ့အတွက် တင်ပို့နေရတယ်။ တရုတ်ကို ခွဲတမ်းအနေနဲ့ ဆန်တန်ချိန်တစ်သိန်း တင်ပို့ရတယ်။ အဲဒီခွဲတမ်းအပြင်ကို ပင်လယ်ရေကြောင်းကနေ တင်ပို့နေတယ်။ တရုတ်ရဲ့မူဝါဒအရ သူ့ရဲ့ခွဲတမ်းရဲ့တစ်ဝက်ကို အစိုးရကုမ္ပဏီကိုပေးတယ်။ ကျန်တဲ့တစ်ဝက်ကို ပုဂ္ဂလိကကုမ္ပဏီတွေကို ခွဲတမ်းပေးလိုက်တယ်။ သူတို့ဘက်က တင်သွင်းခွင့်ရထားတဲ့ တရုတ်ကုမ္ပဏီတွေကနေ မြန်မာနိုင်ငံရဲ့ဆန်တွေကို ဝယ်တဲ့အနေအထားပါ။ ဝယ်တဲ့အခါမှာလည်း သူတို့အသိအမှတ်ပြုထားတဲ့ ကုမ္ပဏီတွေပဲဝယ်ခွင့်ရှိတယ်။ လက်ရှိအသိအမှတ်ပြုထားတာ ၁၁ ခုရှိတယ်။ အဲဒီကုမ္ပဏီ ၁၁ ခု ကနေ မြန်မာနိုင်ငံက ဆန်တွေကိုဝယ်နေတာဟု ၎င်းက ပြောဆိုသည်။

အောက်တိုဘာ ၃၁ ရက်၌ တရုတ်ကုမ္ပဏီတစ်ခုက ဆန်တန်ချိန်တစ်သောင်းခန့် လာရောက်လျှောက်ထားခဲ့ပြီး ယခင်ကလည်း ယင်းသို့ လျှောက်ထားမှု အများအပြားရှိကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။ တရုတ်နိုင်ငံသို့တင်ပို့ရန် သဘောတူထားသည့် ဆန်တန်ချိန်တစ်သိန်းအနက် တန်ချိန် ၈၈၀၀၀ ကျော် တင်ပို့နေပြီး ကျန်ဆန်များကို ဒီဇင်ဘာလအပြီး

တင်ပို့မည်ဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံ COFCO နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့အကြား ဆန်တန်ချိန် တစ်သိန်း တင်ပို့ရန် MoU ရေးထိုးထားခြင်းဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၈--၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာသန်း ၇၀၀ ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ကုန်သွယ်မှုဆိုင်ရာ စာရင်းဇယားများအရသိရသည်။

**Source:** https://myanmar.mmtimes.com/news/130372.html

## မြန်မာ့ပြောင်းကို လာအိုမှတစ်ဆင့် တရုတ်သို့တင်ပို့ရောင်းချနိုင်ရန်လေ့လာနေ

မြန်မာ့ပြောင်းကို လာအိုနိုင်ငံမှတစ်ဆင့် တရုတ်နိုင်ငံဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် ကုန်ကျစရိတ်လေ့လာတွက်ချက်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က နိုဝင်ဘာ ၁ ရက်တွင် မြန်မာတိုင်းမ်နေ့စဉ်သို့ပြောသည်။ ယင်းသို့တင်ပို့ရန် လာအိုနိုင်ငံဘက်မှ သဘောတူထားပြီးဖြစ်ကာ ဈေးကွက်သစ်အနေဖြင့် ထိုးဖောက်ခြင်းဖြစ်ကြောင်းသိရသည်။ ပြောင်းကို ကုန်သည်တွေက လာအိုကတစ်ဆင့် တရုတ်ကိုပို့ဖို့ လေ့လာနေတယ်။ ထိုင်းကိုပို့နေသလို လာအိုကတစ်ဆင့် ပို့ဖို့အတွက် ကုန်သည်တွေအနေနဲ့ ကုန်ကျစရိတ်တွေ တွက်ချက် လေ့လာတာပေါ့။ တွက်ခြေကိုက်မယ်ဆိုရင်ပို့မယ်။ လက်ရှိမှာတော့ လမ်းကြောင်းသစ်အနေနဲ့ စပြီးလုပ်နေတာပါ။ လာအိုဘက်ကတော့ သဘောတူထားပြီးပြီ။ ဒါက ဈေးကွက်သစ်ထိုးဖောက်မှုတစ်ခုပါဟု ၎င်းကပြောသည်။

လက်ရှိတွင် ပြောင်းကိုဈေးကွက်သစ်အနေဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ခွင့်ရထားသော်လည်း ထိုင်းနိုင်ငံ၌လည်း ပြောင်းစိုက်ပျိုးသဖြင့် ထိုင်းနိုင်ငံ၌ ပြောင်းမထွက်ရှိသည့် ဖေဖော်ဝါရီလမှ ဩဂုတ်လအတွင်း မြန်မာ့ပြောင်းကို တင်ပို့ခွင့်ပြုထားခြင်းဖြစ်သည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင် ပြောင်းခွဲတမ်း တန်ချိန်ခုနစ်သိန်းခန့် ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့်အထိရရှိခဲ့ကြောင်းသိရသည်။ လက်ရှိတွင် ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်းကို ပုံမှန်တင်ပို့နေပြီး သတ်မှတ်ကာလ၌ ပိုမိုရောင်းချနိုင်မည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ ပို့ကုန်ဝင်ငွေ တိုးမြှင့်ရရှိရေးအတွက် မြန်မာ့ပို့ကုန်အမည်သစ်များကို ပြည်ပဈေးကွက်သစ်များသို့တင်ပို့ရန် အစိုးရက မျှော်မှန်းလုပ်ဆောင်လျက်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/130370.html

## ကြက်ဥဈေးနှုန်း ကျဆင်းခဲ့ရာမှ ယခုအခါ အနည်းငယ်ပြန်တက်လာ



ယခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ဥစားကြက်မွေးမြူနှုန်းမြင့်တက်လာသဖြင့် ကြက်ဥဈေးနှုန်းကျဆင်းခဲ့ရာမှ ယခုအခါ အနည်းငယ်ပြန်တက်လာကြောင်း မြန်မာနိုင်ငံ ကြက်ဥ၊ ဘဲဥ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအစုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးစန်းအေး၏ ပြောကြားချက်အရသိရပါတယ်။ ပြီးခဲ့သည့်နှစ်က ကြက်ဥဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး၌ ကြက်မွေးမြူနှုန်း ထက်ဝက်ခန့်မြင့်တက် လာပြီး ဈေးကွက်အတွင်း ကြက်ဥများ ပေါ်များလာ သဖြင့် ကြက်ဥဈေးနှုန်းများ ကျဆင်းလာပါတယ်။ ကြက်ဥ ဈေးနှုန်းက ပြန်ကောင်းလာပါပြီ။ ပြီးခဲ့တဲ့ရက်တွေတုန်းကလည်း ဈေးတအားကျတယ်။ မနှစ်က ကြက်ဥဈေးကောင်းတယ်။ ဒါကြောင့် ဒီနှစ် ကြက်မွေးမြူသူတွေများတော့ စားသုံးသူတွေ အဆင်ပြေတယ်။ ဒီနှစ်က မှန့်လုပ်တဲ့လူတွေလည်း သိပ်မရှိဘူးဟု ဦးစန်းအေးက ပြောကြားခဲ့ပါတယ်။

ပြီးခဲ့သည့်တစ်ပတ်က ကြက်ဥတစ်လုံးလျှင် လက်ကားဈေး ငွေကျပ် ၆၀ ဝန်းကျင် အထိဈေး ကျဆင်းရာမှ လက်ရှိတွင် ငွေကျပ် ၉၅ ကျပ်အထိ ဈေးနှုန်းပြန်လည်မြင့်တက်လာကြောင်း၊ ယခင်က ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၁၀၀ မှ ၁၁၀ အထိရှိခဲ့ကြောင်း သိရပါတယ်။ လက်ရှိဈေးလောက်ဆိုရင် မဆိုးပါဘူး။ အရင်တစ်ပတ်က ဈေးနှုန်းအတိုင်းသာ ထပ်ဖြစ်ရင်

ကြက်မွေးမြူသူတွေ အဆင်မပြေဘူး။ အခု အဆင်ပြေလာပါပြီ။ ပြီးခဲ့တဲ့ ရက်တွေတုန်းက ကြက်မွေးမြူသူရော ဒိုင်တွေပါ အရှုံးများခဲ့တယ်။ မနှစ်ကထက် ထက်ဝက်လောက်ပို မွေးမြူလာတယ်။ ဒီထက်ဈေးကျရင် ကြက်မွေးမြူသူတွေအတွက် အခြေအနေမကောင်းဘူး။ ကြက်ဥဈေးမကောင်းလို့ အသားထုတ်မယ်ဆိုတော့လည်း ကြက်သားဈေးမကောင်းဘူး ဟု ဦးစန်းအေးက ပြောကြားခဲ့ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၌ တစ်ရက်လျှင် စားသုံးမှုနှင့် မုန့်ထုတ်လုပ်ရာတွင် ကြက်ဥ အလုံးရေ ၁၀ သိန်းဝန်းကျင်အထိရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်နှင့်ကျောင်းကုန်းစသည့်မြို့နယ်တို့၌ ဥစားကြက် အများအပြားမွေးမြူကြောင်းသိရပါတယ်။

**Source: Myawaddy**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2462-the-egg-price-has-come-down-a-bit-since-now.html

## ဆားရာသီတွင် ဧက ၄၀၀ ကျော် တိုးလာ



မွန်ပြည်နယ် ဆားလုပ်ငန်း လုပ်ကိုင်ရာဒေသများတွင် ယခင်နှစ်ကထက် ဆားကွင်းများ တိုးချဲ့လိုင်စင်လျှောက်ထားကြောင်း ပြည်နယ်သတ္တုတွင်းဦးစီးဌာန ဆားလုပ်ငန်းဌာနခွဲ ပြည်နယ်ဦးစီးမှူးထံမှသိရသည်။ မွန်ပြည်နယ်၌ ယခုနှစ်ဆားရာသီတွင် ဆားထုတ်လုပ်ရန်အတွက် ဆားလုပ်ကွက် ၄၄၅၂ ဒသမ ၇၇ ဧကနှင့် ဆားလုပ်ငန်းလုပ်ကိုင်ရန် ဦးရေ ၉၀ ခန့် လိုင်စင်တင်ထားသည်။ ဈေးကွက်ကလည်း ၁၄၀/၁၅၀ အထက်မှာ ရနေမယ်ဆိုရင် အဲဒီလိုမျိုးနှစ်တွေမှာ ဆိုရင်တော့ ဆားလုပ်ကွက်တွေ ပိုတိုးလာတာရှိတယ်။ ဈေးကွက်အာမခံချက်အနေနဲ့ကတော့ သူတို့စက်မှုဖွံ့ဖြိုးမှုအခြေအနေတွေ ဆားက စားသုံးမှု တစ်ခုတည်းအတွက် မဟုတ်ဘူးလေ။ အသေးစားစက်မှုလုပ်ငန်းတွေမှာလည်းသုံးတယ်။ သူတို့အပေါ် မူတည်ပြီးတော့ ဈေးကွက်အခြေအနေတွေဖြစ်ပေါ်လာတယ်။ မှန်းလို့တော့ မရဘူးဟု ၎င်းကဆက်လက်ပြောသည်။ ၂၀၁၈-၂၀၁၉ ခုနှစ် ဆားရာသီတွင် ၃၉၆၆ ဒသမ ၉၆ ဧကနှင့် ဆားလုပ်ငန်းလုပ်ကိုင်ခွင့် ၈၉ ဦး လိုင်စင်တင်လုပ်ကိုင်ခဲ့ကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2458-during-the-salt-season,-more-than-400-acres-increased.html

## ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာသုံးသန်းဝယ်ယူ

ဒေါ်လာတန်ဖိုးအနည်းငယ်ကျချိန်တွင် ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ နှစ်ရက်အတွင်း ဒေါ်လာသုံးသန်း ဝယ်ယူခဲ့သည်။ အောက်တိုဘာလကုန်ကစတင်ပြီး ပြည်တွင်းငွေကြေးဈေးကွက်တွင် ဒေါ်လာတန်ဖိုးကျလာခြင်းကို ထိန်းရန် ဗဟိုဘဏ်က ပုဂ္ဂလိကဘဏ်များထံမှ ဒေါ်လာဝယ်ယူခြင်းဖြစ်ကြောင်း ပြည်တွင်းပုဂ္ဂလိကဘဏ်တစ်ခုမှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။ ပြည်တွင်းဈေးကွက်တွင် နိုဝင်ဘာ ၁ ရက်နေ့လယ်အထိ ပုဂ္ဂလိကဘဏ်များက တစ်ဒေါ်လာ ၁၅၂၅ ကျပ်ရောင်းဈေး ဖွင့်ထားသော်လည်း ဗဟိုဘဏ်က တစ်ဒေါ်လာ ၁၅၂၄ ကျပ်ခန့်ဖြင့် ဝယ်ယူခြင်းဖြစ်သည်။

လက်ရှိ ပွင့်လင်းရာသီတွင် ပြည်ပမှ သွင်းကုန်ပမာဏလျော့နည်းနေခြင်းကြောင့် ငွေလွှဲပေးပို့မှုအနည်းငယ်လျော့နည်းပြီး ပြည်တွင်း၌ ဒေါ်လာတန်ဖိုးအားပျော့နေကြောင်း ငွေလဲဝန်ဆောင်မှု လုပ်ကိုင်သူအချို့က ပြောသည်။ အောက်တိုဘာ ၁ ရက်က စတင်သည့် ယခုဘဏ္ဍာနှစ် ၁၈ ရက်အတွင်း ပြည်ပမှ သွင်းကုန်တန်ဖိုးသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်ကာလတူထက် ဒေါ်လာသန်း

၁၅၀ ကျော်လျော့နည်းကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစာရင်းများတွင်ဖော်ပြထားသည်။ သစ်သီးဝလံအချို့နှင့် လူသုံးကုန်ပစ္စည်းများစွာကို ပြည်ပမှတင်သွင်းသုံးစွဲနေရသောနိုင်ငံတွင် ဒေါ်လာတန်ဖိုးကျဆင်းခြင်းက အခွင့်အလမ်းကောင်းတစ်ခုဟု မင်္ဂလာဈေးမှ သွင်းကုန်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ဒေါ်လာတန်ဖိုးကျသကဲ့သို့ ပြည်တွင်းရွှေဈေးသည် ကျပ် ၁၂၀၀၀၀ ခန့်ဈေးရှိသည်။ ကမ္ဘာ့ရွှေဈေး မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရွှေဈေးလည်း လိုက်ပါမြင့်တက်သည်။ ကမ္ဘာ့ရွှေဈေးက အောက်တိုဘာ ၃၀ ရက်တွင် တစ်အောင်စလျှင် ၁၅၀၆ ဒေါ်လာမှ နိုဝင်ဘာ ၁ ရက်တွင် ဒေါ်လာ ၁၅၁၀ သို့ မြင့်တက်လာသည်။

**Source:** https://www.7daydaily.com/ဗဟိုဘဏ်က-ပုဂ္ဂလိကဘဏ်များထံမှ-ဒေါ်လာသုံးသန်း-ဝယ်ယူ--1700 16

## ပုံမှန်လိုင်စင်ဖြင့် ပို့ကုန်သွင်းကုန် ကုမ္ပဏီများမှ လုပ်ငန်းသုံးယာဉ် အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိသည့် စင်တာများတွင် Ceiling စီးရေသတ်မှတ်ချက်၌ ၂၀၁၅ ခုနှစ် မော်ဒယ်မှ ၂၀၁၉ မော်ဒယ်အထိ လုပ်ငန်းသုံး မော်တော်ယာဉ်များ ခွင့်ပြုမည်ဟုပါဝင်



ပုံမှန်လိုင်စင်ဖြင့် ပို့ကုန်သွင်းကုန် ကုမ္ပဏီများမှ လုပ်ငန်းသုံး ယာဉ်အရောင်းစင်တာ ဖွင့်လှစ်ခွင့်ရရှိသည့် စင်တာ များတွင် Ceiling စီးရေသတ်မှတ်ချက်၌ ၂၀၁၅ ခုနှစ် မော်ဒယ်မှ ၂၀၁၉ မော်ဒယ်အထိ လုပ်ငန်းသုံး မော်တော်ယာဉ်များ ခွင့်ပြုမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။ လုပ်ငန်းသုံး ယာဉ်အရောင်းစင်တာ ဖွင့်လှစ်မည့် ပုံမှန်လိုင်စင်ဖြင့် ဆောင်ရွက်သည့် ကုမ္ပဏီများသည် ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်ရရှိပြီးဖြစ်ရမည်။ အရောင်းစင်တာ ဖွင့်လှစ်ရန်အတွက် စီးပွားရေးအကျိုးဆောင် မှတ်ပုံတင် လက်မှတ်ရှိရမည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ခွင့် ပြုချက်နှင့်သက်ဆိုင်ရာ စည်ပင်သာယာရေး အဖွဲ့များထံမှ လုပ်ငန်းလိုင်စင် ရယူဆောင်ရွက်ရမည်။ တိုင်းဒေသကြီး ခွင့်ပြုချက်နှင့် စည်ပင်လုပ်ငန်းလိုင်စင် ရရှိခြင်းမရှိပါက မြို့နယ်စည်ပင်သာယာရေး၏အဖွဲ့၏ လုပ်ငန်းသုံးမော်တော်ယာဉ်များ တင်သွင်းဖြန့်ဖြူးရောင်းချရေးနှင့်ပတ်သက်၍ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ဖြင့် ယာယီခြောက်လ ဖွင့်လှစ်ခွင့်ပြုမည်။ ထိုသို့ ယာယီဖွင့်လှစ်ခွင့်ပြုစဉ် ကာလအတွင်း တိုင်းဒေသကြီးခွင့်ပြုချက်နှင့် စည်ပင်လုပ်ငန်းလိုင်စင်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာဖွင့်လှစ်မည့် ကုမ္ပဏီ၏ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ်ကျပ်သိန်း ၅၀၀ ကို ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းရမည်။ လုပ်ငန်းသုံးမော်တော်ယာဉ်အရောင်းစင်တာ အကျယ်အဝန်း အနည်းဆုံး စတုရန်းပေ ၉၀၀၀ ရှိရမည်ဖြစ်ကြောင်းနှင့် အရောင်းစင်တာ အဆောက်အအုံအကျယ်အဝန်းအား စတုရန်းပေ ၃၀၀၀ နှင့် အရောင်းစင်တာ ရုံးခန်းအကျယ်အဝန်းကို စတုရန်းပေ ၃၀၀ ရှိရမည်ဖြစ်ကြောင်းသိရသည်။ လုပ်ငန်းစင်တာဖွင့်လှစ်မည့် မြေနေရာသည် မြေပိုင်ဖြစ်လျှင် ကုမ္ပဏီဒါရိုက်တာတစ်ဦးဦး၏ အမည်ပေါက် ဂရန်မူရင်းအထောက်အထား ငှားရမ်းထားသည့်မြေဖြစ်လျှင် တံဆိပ်ခေါင်းကပ်ထားသည့် အငှားစာချုပ်မူရင်း စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည့် အထောက်အထား တင်ပြရမည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာ ဖွင့်လှစ်လိုပါက Downtown Area ၏ ပြင်ပတွင် ဖွင့်လှစ်ခွင့်ပြုမည်ဟုသိရသည်။ Ceiling စီးရေသတ်မှတ်ချက်တွင် ဖွင့်လှစ်ခွင့်ရရှိပြီးသည့် လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာများကို ၂၀၁၅ မော်ဒယ်မှ ၂၀၁၉ မော်ဒယ်အထိ လုပ်ငန်းသုံး မော်တော်ယာဉ်များကို ခွင့်ပြုမည်ဖြစ်ကြောင်း၊ စတင်ခွင့်ပြုချိန်မှ ခြောက်လအတွင်း Ceiling စီးရေ ၄၀၊ ခြောက်လမှ

တစ်နှစ်အတွင်း Cieling စီးရေ ၆၀ နှင့် တစ်နှစ်ပြည့်ပြီးပါက Ceiling စီးရေ ၈၀ ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ရောက်ရှိ/ရောင်းချပြီးသည့် မော်တော်ယာဉ်များအား လူအမည် (သို့မဟုတ်) ကုမ္ပဏီအမည်ဖြင့် ယာဉ်မှတ်ပုံတင်နိုင်ရေးအတွက် လုပ်ငန်းသုံးမော်တော်ယာဉ် အရောင်းစင်တာတွင် မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ One Stop Service အဖွဲ့ ရုံး၌ လျှောက်ထားရမည်ဖြစ်သည်။ ရောက်ရှိ/ရောင်းချ/ယာဉ်မှတ်ပုံတင်ပြီးစီးသည့် မော်တော်ယာဉ်စာရင်းအား မော်တော်ယာဉ် အရောင်းစင်တာ မြေပြင်စစ်ဆေးရေးအဖွဲ့များထံမှတင်ပြ၍ မြေပြင်စစ်ဆေးရေးအဖွဲ့၏ထောက်ခံချက်ဖြင့် Ceiling စီးရေအရ ထပ်မံတင်သွင်းခွင့်ပြုမည်ဖြစ်သည်။

**Source:** https://news-eleven.com/article/143608

## တရုတ်အစိုးရနှင့်သဘောတူညီပါက မူဆယ်နယ်စပ်စီးပွားရေးဇုန် အကောင်အထည်ဖော်မည်

တရုတ်အစိုးရ၏ သဘောတူညီမှုရရှိပါက မူဆယ်တွင် နယ်စပ်စီးပွားရေးဇုန်ကို စတင်နိုင်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ မြန်မာ-တရုတ်နှစ်နိုင်ငံ ပူးပေါင်းအကောင်အထည်ဖော်မည့် နယ်စပ်စီးပွားရေးဇုန်သုံးခုတွင် မူဆယ်နယ်စပ်စီးပွားရေးဇုန်ကို ဦးစွာအကောင်အထည်ဖော်ရန် မြန်မာအစိုးရက စီစဉ်နေကြောင်း ဒုတိယဝန်ကြီးကပြောသည်။ တရုတ်နိုင်ငံဘက်ခြမ်း ကျယ်ဂေါင်နှင့်မြန်မာနိုင်ငံဘက်ခြမ်း ဟိုဆောင်ဒေသတွင် နယ်စပ်စီးပွားရေးဇုန်ကို အကောင်အထည်ဖော်ရန်စီစဉ်နေပြီး မြန်မာနိုင်ငံဘက်က မူဘောင်သဘောတူညီချက်မူကြမ်းကို တရုတ် အစိုးရထံပေးပို့ထားကြောင်း ၎င်းကဆိုသည်။

မြန်မာ-တရုတ် နယ်စပ်စီးပွားရေးဇုန် မြေပြင်တွင် စတင်နိုင်မည့်အချိန်နှင့်ပတ်သက်၍ တရုတ်အစိုးရရဲ့ တုံ့ပြန်မှုပေါ်မူတည်တယ်ဟု ဦးအောင်ထူးကပြောသည်။ ပြီးခဲ့သည့် စက်တင်ဘာအတွင်းက တရုတ်နိုင်ငံ နန့်နင်းမြို့တွင်ပြုလုပ်သော တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၁၆) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးပွဲ၌ နှစ်နိုင်ငံ အစိုးရတာဝန်ရှိသူများသီးသန့်တွေ့ဆုံခဲ့သည်။ ထိုကဲ့သို့သီးသန့်တွေ့ဆုံပွဲ၌ တရုတ်နိုင်ငံဒုတိယဝန်ကြီးချုပ်က တောင်းဆိုသည့်စီမံကိန်းသုံးခုတွင် နယ်စပ်စီးပွားရေးဇုန်များ အမြန်အကောင်အထည်ဖော်ရေးလည်းပါဝင်ကြောင်း အစိုးရအဖွဲ့အဆင့်မြင့်အရာရှိ တစ်ဦးကပြောသည်။ ကီလိုမီတာ ၁၉၀၀ ကျော် ရှည်လျားသော မြန်မာ-တရုတ် နယ်စပ်တစ်လျှောက်တွင် နှစ်နိုင်ငံအစိုးရများက နယ်စပ်စီးပွားရေးဇုန်သုံးခု အကောင်အထည်ဖော်ရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံဘက်ခြမ်းတွင် ရှမ်းပြည်နယ် ချင်းရွှေဟော်နှင့် မူဆယ်၊ ကချင်ပြည်နယ် ကန်ပိုက်တီးစသော နယ်စပ်များတွင် စီးပွားရေးဇုန်များ အကောင်အထည်ဖော်မည်ဖြစ်သည်။

မူဆယ်နယ်စပ်စီးပွားရေးဇုန်သည် မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်မည်ဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ စီးပွားရေးဇုန် အတွင်း ရင်းနှီးမြှုပ်နှံပြီး ထုတ်ကုန်များထုတ်လုပ်မည်ဆိုပါက အခွန်ကင်းလွတ်ခွင့်၊ အဆိုပါထုတ်ကုန်များကို တရုတ်နိုင်ငံသို့ ရောင်းချမည်ဆိုပါက အခွန်ကင်းလွတ်ခွင့်များလည်းပါဝင်ကြောင်း ၎င်းကပြောသည်။ တရုတ်နိုင်ငံက အကောင်အထည်ဖော်နေသည့် စီးပွားရေးစင်္ကြံလမ်းစီမံကိန်းတွင် မူဆယ်မြို့က အဓိကအခန်းကဏ္ဍ၌ပါဝင်နေပြီး လက်ရှိတွင် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းလေးခုတွင် နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုအများဆုံးဖြစ်သည်။ ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် မူဆယ်၊ ရွှေလီနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ လေးဘီလီယံကျော်ရှိခဲ့သည်။

**Source:** https://www.7daydaily.com/တရုတ်အစိုးရနှင့်-သဘောတူညီပါက-မူဆယ်နယ်စပ်စီးပွားရေးဇုန်-အကောင်အထည်ဖော်မည်------170162

## Doing Business ညွှန်းကိန်းအဆင့် ပြန်လည်လျော့ကျမည်ကို စီးပွားကူးသန်း ဒုဝန်ကြီးစိုးရိမ်နေ



လာမည့်နှစ်တွင် ကမ္ဘာ့ဘဏ် စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှု ညွှန်းကိန်း (Doing Business) အဆင့်ပြန်လည်လျော့ကျမည်ကို စိုးရိမ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ ကြိုးနီစနစ်များရှိနေသော အစိုးရ၏လုပ်ထုံးလုပ်နည်းများစွာ ဖြေလျှော့ရေး ဆောင်ရွက်ရာတွင် တွန်းအားများစွာဖြင့် လုပ်ဆောင်ခဲ့ရသည်ဟု ဦးအောင်ထူး ကဆိုသည်။ Doing Business ညွှန်းကိန်း အဆင့်တက်ရေးတွင် အစိုးရ၏ လုပ်ထုံးလုပ်နည်းဖြေလျှော့ရေးက အဓိကကျသည်။

၂၀၂၀ အတွက် ကမ္ဘာ့ဘဏ်က ထုတ်ပြန်သည့် Doing Business ညွှန်းကိန်းတွင် မြန်မာနိုင်ငံက အဆင့်ခြောက်ဆင့် မြင့်တက်သော်လည်း အာဆီယံအဖွဲ့အတွင်း အနိမ့်ဆုံးဖြစ်နေသည်။ ၂၀၁၉ အစီရင်ခံစာတွင် ညွှန်းကိန်းအဆင့် (၁၇၁)မှ ၂၀၂၀ တွင် (၁၆၅)သို့ မြင့်တက်လာခြင်းဖြစ်သည်။ ဒီနှစ်မှာလည်း ဖြေလျှော့မှုတွေလုပ်ဆောင်ဖို့ အဖွဲ့ ၁၀ ဖွဲ့စလုံးကို မနည်းတိုက်တွန်းခဲ့ရတယ်ဟု Doing Business Ranking တိုးတက်ရေးလုပ်ငန်းအဖွဲ့တွင်လည်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသူ ဦးအောင်ထူးကရှင်းပြသည်။ ဟိုဟာလျှော့ပါ၊ ဒီဟာလျှော့ပါနဲ့ မနည်းတိုက်တွန်းလိုက်ရတယ်။ လာမယ့်နှစ်မှာ ဒီအဆင့်ထက် လျော့သွားမှာ စိုးရိမ်တယ်ဟု နိုဝင်ဘာ ၁ ရက်က သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ၎င်းက ရှင်းပြသည်။

ကမ္ဘာ့ဘဏ်၏ စီးပွားရေး လုပ်ကိုင်ရလွယ်ကူမှုညွှန်းကိန်းမြင့်တက်ရန် ဒုတိယသမ္မတ-၁ ဦးမြင့်ဆွေက သုံးနှစ်အတွင်း အဆင့် (၁၀၀) အတွင်း ရောက်ရှိရန် ရည်မှန်းထားပြီး လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဦးအောင်ထူးအား တာဝန်ပေးခြင်းဖြစ်သည်။ အစိုးရ၏ ဖြေလျှော့မှု လုပ်ဆောင်ခြင်းနှင့်ပတ်သက်၍ ဒုတိယဝန်ကြီးက ဥပမာပေးရှင်းပြရာတွင် ဆောက်လုပ်ရေးခွင့်ပြုမိန့်နှင့်ပတ်သက်၍ ယခင်ကခွင့်ပြုမိန့်တစ်ခုရရှိရန် ၉၅ ရက်ခန့် အချိန်ကြာပြီး လက်ရှိတွင် ၃၅ ရက်သို့ လျှော့ချနိုင်ကြောင်း ရှင်းပြသည်။ ထို့အပြင် စီးပွားရေးလုပ်ငန်းတစ်ခု စတင်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သော အစိုးရဌာနတစ်ခုဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ဖြေလျှော့ပေးမှုကိုလည်း ရှင်းပြသည်။ ကုမ္ပဏီများမှတ်ပုံတင်ကြေးကို ကျပ် ၁၀ သိန်းမှ ကျပ်တစ်သိန်းကျော်အထိ အဆင့်ဆင့်လျှော့ချခဲ့ခြင်းကို အဓိကထားပြီးရှင်းပြခြင်းဖြစ်သည်။

မကြာမီက ကမ္ဘာ့ဘဏ်ကထုတ်ပြန်သည့် စီးပွားရေးလုပ်ကိုင်ရလွယ်ကူမှုညွှန်းကိန်း (Doing Business) ၌ ကုန်သွယ်ရေး ကဏ္ဍအဆင့်သတ်မှတ်ချက် ယခင်နှစ်အဆင့်အတိုင်းသာရှိသဖြင့် အရှက်ရကြောင်း ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်းက ပြောကြားထားသည်။ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးလုပ်ငန်းများက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအောက်တွင်ရှိနေသည်။

Doing Business ညွှန်းကိန်း အဆင့်သတ်မှတ်ရာတွင် နံပါတ် (၁)က အကောင်းဆုံးဖြစ်ပြီး ၂၀၂၀ တွင် နယူးဇီလန်နိုင်ငံက ရပ်တည်နေသည်။ ထို့ကြောင့် ညွှန်းကိန်းအဆင့်မြင့်တက်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် နယူးဇီလန်နိုင်ငံမှ အကူအညီများ ရယူရန် စီစဉ်နေကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးကပြောသည်။ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များက နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမည်ဆိုပါက ကမ္ဘာ့ဘဏ်၏ Doing Business ညွှန်းကိန်းအဆင့်ကို ဦးစွာလေ့လာလေ့ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်အချို့ကပြောသည်။

**Source:** https://www.7daydaily.com/Doing-Business-ညွှန်းကိန်းအဆင့်-ပြန်လည်လျော့ကျမည်ကို-စီးပွားကူးသန်း-ဒုဝန်ကြီး-စိုးရိမ်နေ------170079

## တိုယိုတာက မြန်မာနိုင်ငံတွင် Toyota Hilux ယာဉ်အမျိုးအစားကိုသာ စတင်ထုတ်လုပ်မည်ဖြစ်ပြီး ဈေးကွက်အခြေအနေ စောင့်ကြည့်ပြီးမှသာ အခြားမော်တော်ယာဉ် အမျိုးအစားများ ထုတ်လုပ်ရန် စီစဉ်မည်ဟုဆို



တိုယိုတာက မြန်မာနိုင်ငံတွင် Toyota Hilux မော်တော်ယာဉ် အမျိုးအစားကိုသာ စတင်ထုတ်လုပ်မည်ဖြစ်ပြီး ဈေးကွက် အခြေအနေကို စောင့်ကြည့်ပြီးမှသာ အခြားမော်တော်ယာဉ် အမျိုးအစားများထုတ်လုပ်ရန် စီစဉ်မည်ဖြစ်ကြောင်း Toyota Myanmar Co.,Ltd ၏ Managing Director ဖြစ်သူ Yoshihisa Tonozuka ၏ ပြောကြားချက်အရသိရသည်။ အခု စက်ရုံတည်ဆောက်ရေး လုပ်ငန်းကို စတင်နေပြီဖြစ်ပြီး ၂၀၂၀ ဩဂုတ်လလောက်မှာ စက်ရုံ တည်ဆောက်ရေးလုပ်ငန်းတွေ ပြီးစီးပြီး အော်ပရေးရှင်း လုပ်ငန်းတွေ စတင်နိုင်မယ်လို့ ရည်မှန်းထားပါတယ်။ ၂၀၂၁ ဖေဖော်ဝါရီကနေ စတင်ပြီး Toyota Hilux မော်တော်ယာဉ် အမျိုးအစားတွေကို ထုတ်လုပ်နိုင်ဖို့ မှန်းထားပါတယ်။ တစ်နှစ်ကို Hilux အစီးရေ ၂၅၀၀ ထုတ်လုပ်နိုင်မယ်လို့ ရည်မှန်းထားပါတယ်။ အခြားလူစီးကား အမျိုးအစားတွေကိုတော့ ဈေးကွက်အခြေအနေကို ကြည့်ပြီးမှသာ ဘာမော်ဒယ်ထုတ်မလဲစဉ်းစားပါမယ်ဟု Toyota Myanmar Co.,Ltd ၏ Managing Director ဖြစ်သူ Yoshihisa Tonozuka က ပြောကြားသည်။

ဂျပန်နိုင်ငံ၊ တိုယိုတာ မော်တော် ကော်ပိုရေးရှင်း၏ မြန်မာနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်မှု ကုမ္ပဏီဖြစ်သည့် တိုယိုတာ မြန်မာ ကုမ္ပဏီလီမိတက် (TMY) ၏ စက်ရုံသစ်စတင်တည်ဆောက်ခြင်း ပန္နက်တင်အခမ်းအနားကို သီလဝါ အထူးစီးပွားရေးဇုန် B တွင် နိုဝင်ဘာ ၁ ရက်က ပြုလုပ်ခဲ့သည်။ တိုယိုတာ မော်တော်ကော်ပိုရေးရှင်း( တိုယိုတာ) အနေဖြင့် မြန်မာနိုင်ငံ၌ ပထမဦးဆုံးသော မော်တော်ယာဉ် ထုတ်လုပ်ရေး လုပ်ငန်းဖြစ်သည့် တိုယိုတာမြန်မာ ကုမ္ပဏီလီမိတက် (Toyota Myanmar Co.,Ltd, TMY) ကို ဖွဲ့စည်းတည်ထောင်ကာ ပြည်တွင်း၌ Toyota Hilux အမျိုးအစား မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် လာရောက် အခြေစိုက်ပြီး တာဝန်ယူ လုပ်ဆောင်မှုရှိတဲ့ ကော်ပိုရေးရှင်းကြီး တစ်ခုအနေနဲ့ ပြည်တွင်းမော်တော်ယာဉ် ထုတ်လုပ်မှုလုပ်ငန်းမှတစ်ဆင့် အရည်အသွေးမြင့် မော်တော်ယာဉ်တွေကို ဝယ်ယူသုံးစွဲသူတွေဆီ အချိန်နဲ့တစ်ပြေးညီရောက်အောင် ထုတ်လုပ်ဖြန့်ဖြူးပေးမှာဖြစ်ပြီး တိုယိုတာအနေနဲ့ မြန်မာနိုင်ငံ စီးပွားရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းကိုလည်း တစ်ပြိုင်နက် ဖွံ့ဖြိုးတိုးတက်စေလိုပါတယ်။ ဒီတိုယိုတာထုတ်လုပ်ရေး စက်ရုံအသစ်တည်ဆောက်ရေးလုပ်ငန်းအတွက် အဘက်ဘက်ကပံ့ပိုးကူညီပေးခဲ့တဲ့ မြန်မာအစိုးရနဲ့ အခြားသော ပါဝင်ပတ်သက်ဆက်နွှယ်သူများအားလုံးကို အထူးကျေးဇူးတင်ပါတယ်ဟု တိုယိုတာမော်တော်ကော်ပိုရေးရှင်း၊ တရုတ်နှင့် အာရှဒေသဆိုင်ရာ ဒုတိယအမှုဆောင်အရာရှိချုပ် Mr. Susumu Matsuda က ပြောကြားသည်။

သီလဝါ အထူးစီးပွားရေးဇုန် B တွင် တိုယိုတာက စက်ရုံတည်ဆောက်ပြီး ၂၀၂၁ ခုနှစ်မှစ၍ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်ရန် မြေ ၂၁ ဟက်တာ ရယူထားခြင်းဖြစ်သည်။ တိုယိုတာမြန်မာ (TMY) စက်ရုံကို ရန်ကုန်မြို့တောင်ဘက်ရှိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း တည်ဆောက်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၅၂ ဒသမ ၆ သန်း ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း၊ လုပ်သားအင်အား ၁၃၀ ခန့်ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၂၁ ခုနှစ် ကုန်ထုတ်လုပ်ငန်းများ စတင်ဆောင်ရွက်သည့်အချိန်မှစတင်ကာ တစ်နှစ်လျှင် Toyota Hilux အစီးရေ ၂၅၀၀ ကို SKD (Semi Knock Down) စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်သွားရန် ရည်ရွယ်ထားကြောင်းသိရသည်။ တိုယိုတာ မြန်မာ (TMY) တွင် အစုရှယ်ယာ ပါဝင်မှုအနေဖြင့် Toyota Motor Corporation မှ ၈၅ ရာခိုင်နှုန်း၊ Toyota Tsusho Corporation မှ ၁၅ ရာခိုင်နှုန်းပါဝင်ထားသည်။

**Source:** https://news-eleven.com/article/143555

# STOCK EXCHANGE (4.11.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 4th Nov. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 3,234 | 37,191,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,950 | +50 | +1.28% | 3,900 | 3,950 | 3,900 | 9,192 | 35,934,600 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 10,400,986 | 85,288 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,000 | 23,000 | 23,000 | 210 | 4,830,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +50 | +1.69% | 3,000 | 3,000 | 3,000 | 50 | 150,000 | 12,823,224 | 38,470 |

## Market summary

As of 4th Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 471.90 | +0.99 | +0.21% | 471.38 | 471.90 | 470.48 | 12,686 | 78,105,600 | 5 | 646,182 |

### Index chart




# Market Overview

As of 1:00 pm, 4th Nov. 2019

| MYANPIX | 471.90 |
|---|---|
| | ▲ 0.99 |
| Total Volume (shares) | 12,686 |
| Total Value (MMK) | 78 mil |
| Listed Company | 5 |
| Market Cap. (MMK) | 646,182 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 0 |
| MTSH | 00002 | 3,950 | ▲ 50 |
| MCB | 00003 | 8,200 | ▲ 0 |
| FPB | 00004 | 23,000 | ▼ 500 |
| TMH | 00005 | 3,000 | ▲ 50 |